**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA / SSE / NM / ၁၉ /၂၀၂၆

ရက်စွဲ၊၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၈-၉-၂၀၂၆ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၇၀၀ နာရီ ထုတ်ပြန်ချက်သတင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၈-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဆက်လက်တည်ရှိနေပါသည်။

၂။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ် (Depression) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၃။ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ၂၈-၉-၂၀၂၆ ရက် နံနက်မှ ၃၀-၉-၂၀၂၆ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးကာ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့် မှာ ၁၀ ပေမှ ၁၂ ပေ ခန့်ရှိနိုင်ကြောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကာ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင် မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၈ ပေမှ ၁၀ ပေ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

၄။ အဆိုပါခန့်မှန်းချက်အရ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့်

ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
လှမျိုးကျော်-ညွှန်ကြားရေးမှူး
ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ